
gyoe.com

# ထင်လင်း

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

100S010

900.00 KS

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ထင်လင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၉၄ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

## ထင်လင်း

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရှာပုံတော် ၁

၂။ အထွက်မြန်သော ဒီဇယ် ၁၅

၃။ ဘိုးဘိုးအောင်နှင့် တွေ့ခဲ့သော ကျွန်တော် ၃၅

၄။ ကန်တော်သာမှာ ၅၅

၅။ ထဘီ၏ အရိပ် ၆၇


❑

mgyoe.com

mgyoe.com
mgyoe.com


ရှာပုံတော်

mgyoe.com


# ရှာပုံတော်

*ချစ်သော ကိုဝင်းမောင်နှင့် အရီတို့သို့...*

'မောင်ရေ'

မငွေရီ၏ အသံချိုချိုကလေးသည် မီးဖိုခန်းဘက်ဆီမှ ပေါ်ထွက်လာလေသည်။ အလုပ်စားပွဲမှ ကိုမင်းဝေသည် ခေါင်းကိုငုံ့၍ စာအတွင်ရေးနေရာမှ ခေါင်းကို ဆတ်ခနဲထောင်လိုက်သည်။ ထို့နောက် ကလောင်တံကို ရပ်၍ ရေးလက်စ စာရွက်များပေါ်တွင် တင်ထားလိုက်ရင်း ထိုင်ရာမှ ထ၏။ ကုလားထိုင်၏ အပြင်ဘက်သို့ ရောက်လျှင် ခါးကိုဘယ်ညာလှည့်၍ ချိုးလိုက်၏။ ပြီးလျှင် မီးဖိုဘက်ဆီသို့ လာခဲ့လေသည်။

'မောင်ရေ...'

'လာပြီ...'

'သြော်...မောင်ကလည်း၊ မောင့်ကို လာဖို့ ခေါ်တာ မဟုတ်ပါဘူး။ အလုပ်ချိန်နီးရင် ထမင်းပြင်မယ်၊ ရေချိုး...လို့ပြောမလို့၊

mgyoe.com

တကတဲမှပဲ ဟိုကနေထူးလိုက် ပြီးရောဥစ္စာ...'

ကိုမင်းဝေသည် အရေးမကြီးသလို မငွေရီရှိရာသို့ ပြုံးလျက် ဝင်လာကာ ဟင်းတစ်ခွက်ကို လှလှပပခပ်ထည့်နေသော ဇနီးသည်၏ ခါးကို နောက်ကနေ၍ သိုင်းဖက်ထားလိုက်သည်။ မငွေရီကလည်း တစ်စုံတစ်ရာ အရေးမကြီးသလို ဟင်းခွက်ပြင်မပျက်ပင် 'အလုပ်ချိန် နီးပြီလားလို့ ထမင်းပြင်မယ်၊ ရေချိုး....လို့...ပြောတာ'ဟု ပြော လိုက်သည်။

'ဘာတွေချက်နေလဲ ရီ။ မောင့်ကို ဒီနေ့ ဘာတွေနဲ့ ကျွေးမလို့ လဲ'

မငွေရီသည် ဟင်းခွက်ထဲမှ ဟင်းကို ဇွန်းဖျားကလေးများနှင့် ခပ်ယူကာ ကိုမင်းဝေ၏ ပါးစပ်ဆီသို့ လှမ်းခွံ့ရင်း 'မြည်းကြည့်စမ်း၊ မောင့်အကြိုက် အချဉ်ဟင်းကလေး...'ဟု ပြုံးချိုစွာ ဆိုလိုက်သည်။ ကိုမင်းဝေလည်း ပါးစပ်ကို ဖွင့်၍ ပေးလိုက်ပြီး ဟင်း၏ အရသာကို ခံလိုက်သည်။ ပြီးလျှင် မျက်စိကို မှေး၍ 'အိုး...သိပ်ကောင်း... သိပ်ကောင်း...အများကြီးကောင်း'ဟု ဆို၏။ မငွေရီမှာ သူ့အမူအရာ ကို ကျေနပ်ရွှင်မြူးစွာ ကြည့်လျက်ရှိစဉ် အလစ်၌ ကိုမင်းဝေ၏ အနမ်း ကို ခံလိုက်ရလေသည်။ ပြီးမှ အရေးတကြီး ဘေးသို့လှည့်ကြည့်လိုက် ပြီး သူ့ဟာသူ ရှက်သွားသလို၊ ကိုမင်းဝေ၏ နဖူးကို လက်ညှိုးနှင့် အသာတွန်းလိုက်ကာ 'ကောင်မကလေးတွေ မြင်ကုန်ပါဦးမယ်။ မောင် ကလည်း အရမ်းချည်းပဲ...'ဟု ဆိုလိုက်၏။

'ဟင်းချက်ကောင်းလို့ ဆုချတာလေ...'

'တော်ပါ ဆရာကြီး...ကဲ.ရေချိုးချေပါတော့။ တော်ကြာ အချိန် မရှိဘူး ဘာဘူးနဲ့။ ထမင်းတောင် ဖြောင့်အောင်မစားနိုင်ဘဲ ဖြစ်နေပါ ဦးမယ်။ ဒါပဲ ဆရာ၊ ရီကိုယ်တိုင် မောင့်အကြိုက်ကလေးတွေ စီကာ

mgyoe.com

mgyoe.com


စဉ်ကာ ချက်ထားရတာ ပျာယီးပျာယာတော့ အဖြစ်မခံနိုင်ဘူး။ သွားပါ ကြည့်ပါဦး။ လူကို ဒီလို ပြုံးစိကြီး လုပ်ကြည့်မနေပါနဲ့သွားပါ။ ရေချိုး ပါ။ အဝတ်အစားလဲခဲ့ပါ။ ဗီရိုထဲမှာ ရီအဆင်သင့် အထပ်လိုက် တင်ထားခဲ့ပါတယ်'

'အိုကေ...၊ ဒါတွေကြောင့် ဒါတွေကြောင့်'

'အိုအို ...မောင်သိပ်ရမ်းတာ...သွားပါတော့...နောက်ကျနေ ပါမယ်'

တွန်းထိုး ထုတ်လိုက်မှ ကိုမင်းဝေ လေကလေး တအေးအေး ချွန်ရင်း မီးဖိုထဲမှ ထွက်သွားတော့သည်။ များမကြာမီ ရေချိုးခန်း ဆီမှ ရေတရွှဲရွှဲချိုးသံ၊ ကိုမင်းဝေ လေချွန်သံများ ကြားရသည်။

'ရီရေ...' ရေချိုးရာမှ လှမ်းခေါ်ပြန်သည်။

'မောင်...' ထမင်းပွဲပြင်ရာမှ ထူးလိုက်၏။

'အချဉ်ဟင်းနော်...'

'ဩော် ဟုတ်ပါတယ်။ မောင့်ဖို့ အချဉ်ဟင်းမပါဘဲ ရီက ကျွေးပါ့ မလား'

'အိုကေ ... ရီကို ဆုချမယ်'

'တော်ပါ ဆရာကြီး....ကဲ မြန်မြန်ချိုးမောင်'

'ပြီးပြီ'

မကြာမတင်ပင် ရေချိုးခန်းတံခါး ဂျောက်ခနဲ ပွင့်လာပြီး မျက်နှာ သုတ်ပဝါကြီးတစ်ထည်ခြုံထားသော ကိုမင်းဝေထွက်လာသည်။ မငွေ ရီပြင်နေသော ထမင်းပွဲနားတွင် ချမ်းနေသော ကလေးငယ်ကဲ့သို့ ခပ်ကုပ်ကုပ်ရပ်၍ ကြည့်နေ၏။ မငွေရီက ဟင်းတစ်ဇွန်းခပ်၍ သူ့ ပါးစပ်ထဲထည့်လိုက်မှ မငွေရှိရှိရာသို့ ခေါင်းထိုး၍ လေထဲတွင် ရှူးခနဲ နမ်းကာ အခန်းထဲသို့ ပြေးခုန်၍ ဝင်သွားတော့သည်။ မငွေရီက

mgyoe.com

mgyoe.com


နောက်မှ ငေးကြည့်နေသည်။ 'မောင်ကတော့ အဲသလိုပါလို့ဆို' ဟု ခပ်တိုးတိုး ဆိုလိုက်လေ၏။

'မောင်ရေ...'

'အင်းအင်း လာပြီ ...ဒီမှာ...'

'မတွေ့ဘူးလားလို့။ အလယ်ဆင့်ကလေး...အပေါ်ဆုံးက အထပ်လိုက် အင်္ကျီရော၊ လုံချည်ရော၊ အစုံ....'

'တွေ့...တွေ့ပါတယ်...ဒီမှာ ဟိုဥစ္စာက"

"ဘာများတုံး၊ တွေ့ရင်လည်း မြန်မြန်လာပါ။ ဒီမှာ ထမင်းပွဲက ကြောင်နှိုက်မှာစိုးလို့ စောင့်နေရတယ်၊ တွေ့ပြီမဟုတ်လား ဟင် မောင်'

'အင်္ကျီတွေ့ပါတယ်'

'လုံချည်ရော'

'တွေ့ပါတယ်...မတွေ့တာက..'

မငွေရီက စိတ်ရှုပ်သလို ခေါင်းကုတ်ရင်း ထမင်းပွဲကို အုပ်ဆောင်းနှင့်အုပ်ထားခဲ့ပြီး ဝင်လိုက်သွား၏။ အခန်းထဲသို့ ရောက်လျှင်၊ ရှပ်အင်္ကျီလက်ရှည်ကို ဖားလျားဝတ်လျက် မှန်တင်ခုံပေါ်တွင် တစ်စုံတစ်ခုရှာနေသော ကိုမင်းဝေကို တွေ့လိုက်ရသည်။

'မတွေ့တာက...ဘာတုန်း၊ လက်ကြယ်သီး...ဟုတ်လား'

ကိုမင်းဝေက 'အင်း...' ဟု ကလေးဆန်ဆန် မှုန်တေတေလုပ်၍ ဖြေရင်း ခေါင်းကိုညိတ်ပြလိုက်သည်။ မငွေရီသည် ကိုမင်းဝေအား တစ်ချက် ကြည့်လိုက်ပြီး သူ့ပါဝင်၍ ရှာတော့သည်။

'မနက်စောစောကပဲ ဒီအနားမြင်သေး'

'အခု မမြင်တော့ဘူး ဟုတ်လား'

'တစ်ဖက်တော့ တွေ့ပါပြီ၊ အောက်ကိုကျနေတယ်'

'ဒါဖြင့် ဒီအနားမှာ ရှိတာတော့ အမှန်ပဲ'

mgyoe.com

mgyoe.com


'အေး...မတွေ့တာက ခက်တာ...'

မငွေရီသည် ကိုမင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။ သူ့မျက်နှာ စောစောကကဲ့သို့ ရွှင်မနေတော့။ မှုန်တေတေကြီး မဟုတ်စေကာမူ မှုန်တေတေကလေးတော့ ဖြစ်နေသည်ဟု မငွေရီထင်သည်။ ဒါမျိုးတွေကြောင့် မငွေရီက သူ့'မောင်'ကို 'ကလေးလိုပါပဲ...'ဟု မကြာမကြာပြောလေ့ရှိသည်။ ယခုလည်း ကိုမင်းဝေ ကလေးဆိုးကြီးလိုလုပ်ပြန်ပြီ။

'မောင်ကလည်းကွာ၊ ဒါကလေး ပျောက်တာနဲ့များ'

'ဟုတ်ပါဘူး...မောင်က ခံပြင်းလို့ပါ၊ မနက်ကပဲ ရှိသေးတဲ့ ဥစ္စာ...ဒီအပေါ်မှာ၊ ဟောဒီအပေါ်မှာတင် ... နှစ်ခု...' ကိုမင်းဝေ တကက်ခေါက်လိုက်မိသေးသည်။ နောက် မငွေရီပါ မျက်နှာအိုသွားသည်ကိုမြင်မှ မပြုံးချင် ပြုံးလိုက်ပြီး 'ဟုတ်ပါရဲ့..' ဟု သူ့ဟာသူ စကားဖြတ်လိုက်သည်။

'ကဲကွယ်...ရှိပါစေ၊ အပေါ်အင်္ကျီ ထပ်ဝတ်လိုက်ရင် မမြင်ရပါဘူး။ ကဲလာ ရီ ထမင်းစားကြမယ်။ နေပါစေတော့...။ ညနေမှ ရှာကိုရှာဦးမယ်'

'မောင့်စိတ်ကလည်းကွယ်'

'လာပါ–ကဲ၊ ထမင်းစားကြမယ်။ အချဉ်ဟင်းကလေးနဲ့'

ကိုမင်းဝေ မငွေရီကို ငဲ့ပြီး ဟန်ဆောင်လိုက်ရသော်လည်း သူ့အကြောင်း မငွေရီက သိလွန်းလို့ နောကျေနေ၏။ ဤသို့သော အသေးအဖွဲကလေးများ လိုချင်၍ ရှာမတွေ့လျှင် သူအင်မတန် စိတ်ဆိုးတတ်သည်။ ဘာပဲဖြစ်ဖြစ် အဖိုးတန်တန် မတန်တန်၊ သူက ရှိသည်ဆိုသောနေရာမှာ မတွေ့လျှင် မှူးစေ့တစ်စေ့ကိုပင် ဖြစ်ဖြစ် တစ်နေ့လုံးရှာတတ်သည်။ တွေ့မှ လွှင့်ပစ်ချင် ပစ်လိုက်မည်။ သူ့မှာ ဒီစိတ်မျိုး

mgyoe.com

mgyoe.com


ရှိသည်။

'မောင် ကလေးမဟုတ်တော့ဘူးကွယ်...သိပ်ခေါင်းမမာနဲ့တော့'

'ခေါင်းမာတာ မဟုတ်ဘူး၊ ရီကလည်း မောင်မရှာတော့ပါဘူး။ ရီ့မှာလည်း ဒါမျိုးချည်းပဲ။ တစ်ခုကလေးရှိ သူ့မျက်နှာက မကောင်းဘူး၊ သိပ်ကို ကလေးနဲ့တူတာပဲ' ထမင်းစားရင်း ကိုမင်းဝေက ဆိုသည်။

'အလို။ သူကပဲ မငွေရီကို ကလေးတဲ့' မငွေရီသည် ပြုံးလိုက်သည်။ နောက် ကိုမင်းဝေကလည်း ပြုံးလိုက်သည်။

'ရီ–မဟုတ်ဘူးလား။ ကလေးလိုပဲ'

မငွေရီက တစ်ခုခုကို ပြန်ပြောလိုက်မည် ပြုမှ 'ကဲလေ ရှိပါစေတော့'ဟု သဘောထားလျက် ဝန်ခံဟန်ဖြင့် ရက်သလို ပြုံးကာ ထမင်းကို ငုံ့စားနေလိုက်၏။ သူ့စိတ်ထဲ၌ 'မောင်–ရီ့ကိုငဲ့ပြီး ပြောနေတာပါ၊ ရီက သိလွန်းလို့။ မောင် ဒါကို မတွေ့တွေ့အောင် ရှာဦးမှာပါ။ အလုပ်ကပြန်ရင် မယောင်မလည်နဲ့ မောင် ဒါကို ရှာနေဦးမှာပါ'ဟု တစ်ကိုယ်တည်း ပြောလျက်ရှိ၏။

ထမင်းစားပြီး လက်ဆေးပြီးနောက် ကိုမင်းဝေ အိပ်ခန်းထဲသို့ တစ်ခေါက်ပြန်ဝင် သွားပြန်သည်။ မငွေရီက ရေသောက်ရင်းမှ စောင်းငဲ့ကြည့်လိုက်ပြီး 'အင်း..မရှာတော့ဘူးဆိုပြီး ခုပဲ ရှာနေပြန်ပြီ မဟုတ်လား။ မောင့်အကြောင်း ရီသိပြီးသား'ဟု အောက်မေ့လိုက်၏။ နောက် ရေခွက်ကို ထားခဲ့ပြီး ခြေသံမကြားအောင် ကိုမင်းဝေနောက်သို့ လိုက်ခဲ့သည်။ အခန်းပေါက်သို့ ရောက်၍ ခန်းဆီးကို အသာဖယ်လိုက်လျှင်ပင် ကိုမင်းဝေ ပြန်ထွက်လာသည်နှင့် ဝင်တိုးနေသဖြင့် တစ်ချက်ပွေ့၍ အနမ်းသာခံလိုက်ရသည်။

'မရှာတော့ဘူးဆို'

mgyoe.com

mgyoe.com


'မရှာတော့ပါဘူး...လို့ပြောမှ...'

'အခန်းထဲမှာက ဘာလုပ်တာလဲ ဒါဖြင့်'

'ဘာမှမလုပ်ပါဘူး'

မငွေရီသည် မယုံသလို တစ်ချက်မော့ကြည့်လိုက်သည်။ ကိုမင်းဝေက ရယ်နေသည်။ သို့နှင့် မငွေရီကလည်း ပြုံးလိုက်ရသည်။ ထို့နောက် ကိုမင်းဝေက နာရီကို မြှောက်ကြည့်လိုက်ပြီး မငွေရီကို နှုတ်ဆက်ကာ ထွက်ခဲ့တော့သည်။ မငွေရီလည်း နောက်ကကပ်၍ လိုက်လာပြီး တံခါးပေါက်ရောက်မှ နေရစ်သည်။ လမ်းဘက်သို့ လျှောက်၍ ထွက်သွားသော ကိုမင်းဝေကို မျက်စိတစ်ဆုံး မျှော်ကြည့်နေလိုက်ပြီး လမ်းအချိုးကလေးကွယ်သွားမှ မငွေရီ သက်ပြင်း တစ်ချက်ချလိုက်ကာ 'ဩော်...မောင်...မောင်'ဟု သူ့တစ်ကိုယ်တည်း တိုးတိုးဆိုမိသည်။ သည်ထက် ဆက်၍ ဆိုရပါမူ မငွေရီမှာ အများကြီးရှိပေသည်။ သို့သော် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ချာခနဲ လှည့်၍ အိမ်ထဲသို့ ပြန်ဝင်ခဲ့လေသည်။

အိမ်ထဲသို့ရောက်လျှင် မငွေရီသည် အိပ်ခန်းသို့ ရှေးဦးစွာ ဝင်ခဲ့သည်။ အခန်းထဲသို့ ရောက်လျှင် မှန်တင်ခုံကို ရှေးဦးစွာ မွှေလေတော့သည်။ သူ့စိတ်ထဲ၌ ကိုမင်းဝေ မကျေမနပ်ဖြစ်ပြီး ထွက်သွားရသော လက်ကြယ်သီးကို မတွေ့တွေ့အောင် ရှာဖို့ ဆုံးဖြတ်ပြီး ဖြစ်၏။

'ညနေ မောင်ပြန်လာရင်၊ အံ့ဩသွားအောင် လုပ်လိုက်မယ်။ ဒီအနားတင်ပဲ ရှိရမှာပဲ။ ဟောဒီ ပေါင်ဒါဘူးကလေးထဲမှာရော'

မငွေရီ ဘူးတကာဘူး အကုန်လိုက်၍ ဖွင့်ကြည့်သည်၊ မရှိ။

'မောင် အထားမှားတာ ဖြစ်မှာပဲ။ စာအုပ်စင်ပေါ်မှာရော'

စာအုပ်စင်မှာ ရှင်းနေ၏။ 'မောင့် အလုပ်စားပွဲမှာရော'

မငွေရီ တစ်ခန်းလုံး တစ်အိမ်လုံး နေရာနှံ့၊ စာအုပ်တွေ တစ်အုပ်

mgyoe.com

mgyoe.com

ချင်းလှန်၊ အိပ်ရာခင်းတွေ တစ်ခုချင်းလှန်၊ ဗီရိုထဲက အဝတ်တွေပါ မကျန် လှန်လှောရှာဖွေလေသည်။ မတွေ့။

'မဟုတ်ပါဘူး။ ရှိရပါမယ်။ ကြောင်တို့ ကြွက်တို့ စားတတ်တဲ့အစာမှ မဟုတ်ပါဘဲနဲ့။ ဘယ့်နှယ် ပျောက်ခြင်းမလှ ပျောက်ရတယ်လို့၊ အင်း မောင်ခံပြင်းမယ်ဆိုလည်း ခံပြင်းစရာပဲ။ မတွေ့တွေ့အောင်ကို ရှာမယ်။ ဒေါ်စိန်မေ...ဒေါ်စိန်မေ'

အတန်ကြာလျှင် အသက်လေးဆယ်ခန့် ဖြူဖြူဝဝ မိန်းမတစ်ယောက် အခန်းသို့ ရောက်လာ၏။ မငွေရီက သူ့ကို မမြင်သေး။ ကြမ်းပေါ်၌ လေးဖက်ထောက်လျက် ဖင်ဘူးတောင်း ထောင်ကာ ဖုန်သုတ်သည့် ငှက်မွေးအရိုးနှင့် မှန်တင်ခုံအောက်သို့ ထိုးနှိုက်နေ၏။

'မမလေး ဘာပျောက်လို့လဲ'

ထိုအခါတွင်မှ မငွေရီ မော့ကြည့်လိုက်ပြီး ထိုင်လိုက်သည်။ သူ့ကိုယ်သူ မလုံသလို ပြန်လှန် ကြည့်လိုက်ပြီးမှ 'ဩော်..ဒေါ်စိန်မေ ဘယ်သူတွေရှိလဲ။ တစ်ယောက်ယောက် ခေါ်ခဲ့ပါလား။ ဟောဒီ မှန်တင်ခုံလေးရွှေ့ချင်လို့'ဟု ပြောလိုက်၏။ မိန်းမကြီးလည်း မငွေရီ ပြောသော မှန်တင်ခုံလေးကို တစ်ချက်ကြည့်လိုက်ပြီး လှည့်ထွက်သွား၏။ မကြာမီ အားခွန်ဗလ အတော်ကောင်းပုံရသော အခြားမိန်းမ ခပ်ငယ်ငယ်တစ်ယောက်နှင့် အတူပြန်ရောက်လာ၏။

'ဩော်.. မအေးလား၊ ရီ့ကို ဟောဒီ မှန်တင်ခုံကလေး ကူရွှေ့ပေးစမ်းပါ။ ဒီနေ့ ရီအခန်းရှင်းနေတာ'

မကြာမီ မှန်တင်ခုံပေါ်မှ ပစ္စည်းများကို ရွှေ့ကာ မှန်ကို ဖြုတ်လျက် သုံးယောက်သား တကဲကဲနှင့် ရွှေ့ကြသည်။ မိန်းမကြီးကြီး နှစ်ယောက်အဖို့ မထောင်းသာလှသော်လည်း ခါးနွဲ့ကလေးနှင့် မငွေရီမှာ အတော်မောလေသည်။ တကယ်တော့ မှန်တင်ခုံမှာ မငွေရီ

mgyoe.com

mgyoe.com

ပြောသလို 'မှန်တင်ခုံကလေး'မဟုတ်ချေ။

မှန်တင်ခုံနေရာ ရွှေ့သွားသောအခါ မငွေရီက ဖုန်မှုန့်တွေ ပေနေသော မှန်တင်ခုံနေရာဟောင်းကို ခပ်သွက်သွက်လှည်းကျင်းလိုက်သည်။ သူ အတော်မောသွား၏။ ခေါင်းကို တစ်ချက်နှစ်ချက်ကုတ်၍ စဉ်းစားလိုက်ပြန်သည်။ မိန်းမနှစ်ယောက်က သူ့ကို အကြောင်သား ကြည့်၍ နေလိုက်ကြ၏။

'ကဲကဲ...တော်ပါပြီ...ဒါပါပဲ'

မိန်းမနှစ်ယောက်လည်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြပြီး လှည့်ထွက်သွားကြသည်။ သူတို့နှစ်ယောက် အိမ်ထဲမှ ထွက်၍ နောက်ဖေးဘက်သို့ အရောက်တွင် အခန်းဆီမှ 'ဩော် မအေးရေ'ဟု လှမ်းခေါ်လိုက်သော မငွေရီ၏ အသံကို ကြားလိုက်ရသဖြင့် ခြေလှမ်းတုံ့သွားကြ၏။ 'ဟုတ်ကဲ့ မမလေး' ဟု ထူးကာ မအေးပြန်ဝင်သွားလျှင် မငွေရီက ဆီး၍ အရေးတကြီး 'မနက်က လျှော်ဖို့ပေးထားတဲ့ မအေးတို့ ဆရာ့အင်္ကျီတွေ ပြန်ယူခဲ့စမ်း'ဟု ပြောလိုက်၏။

မကြာမီ အဝတ်ထုပ်နှင့် မအေး ပြန်ရောက်လာ၏။ မငွေရီလည်း တစ်ထည်ပြီး တစ်ထည် ဆွဲခါကာ လက်ဖျားများကို စမ်းကြည့်၏။

'ကြည့်စမ်း'

မငွေရီ တစ်မျက်နှာလုံး ဝင်းထိန်သွားလေသည်။

'မောင်ပဲ၊ မောင်ကတော့ အဲသလိုပါလို့ဆို။ သူ့ဘာသာသူ ဖြုတ်ဖို့ မေ့နေပြီး ရှာနေတာ။ ကြည့်စမ်း ကြည့်စမ်း ဒါနဲ့များ မနက်က ဒီအပေါ်မှာ နှစ်ခုမြင်သေးသတဲ့။ အိုနှစ်ခုမြင်မှာပေါ့ လက်ကြယ်သီးဆိုတာ တစ်စုံလေးခုရှိတဲ့ ဥစ္စာ။ မောင်မြင်တာ နှစ်ခုဆိုတော့ တစ်ဖက်တည်းပဲ ဟုတ်တာပေါ့၊ ကဲကဲ မအေးပြန်ယူသွားတော့'

mgyoe.com

mgyoe.com


မအေးလည်း မငွေရီကို တစ်ချက်လှန်ကြည့်လိုက်ပြီး ပြန့်ကျဲနေသော အဝတ်များကို တစ်ထည်ချင်း ကောက်စုကာ ခပ်စူစူလုပ်၍ ထွက်သွားလေသည်။ သူ့စိတ်ထဲ၌ မည်သို့ရှိမည်ကိုတော့ မငွေရီ မသိ။

လာပါစေ မောင်တော့ ရီ ဘယ်လောက်မောအောင် ရှာရတယ် ဆိုတာ ပြောပြလိုက်ဦးမယ်။ အေးလေ ဒါကို ပြောလိုက်လို့ သူ စိတ်မကောင်းများ ဖြစ်သွားမလား။ သည်လိုဆိုလည်း မပြောဘူးလေ။ ဒါဖြင့် ဘယ်လိုပြောမလဲ။ အသာဝှက်ထားပြီး သူ အံ့သြသွားအောင် ထုတ်ပြလိုက်ရမလား။ သူ့ဟာသူ ရှာရတာ မဟုတ်လို့ စိတ်မှ ကျေနပ်ပါ့မလား။ မောင်ကတော့ ကလေးလို သည်လိုဆို သူ တွေ့လောက်မယ့်နေရာအသာတင်ထားမလား။ ညနေပြန်လာရင် သူရှာတော့ ရှာဦးမှာပဲ။ သူမရှာတော့ဘူး ဆိုပေမဲ့ ရှာဦးမှာပါပဲ။ ဟုတ်ပါတယ်။ မောင့်အကြောင်း ရီက သိလွန်းလို့။ ကဲလေ ရီ ပင်ပန်းတာတွေတော့ ထားပါတော့။ မောင်ရှာလို့ တွေ့ချင်တယ်ဆိုရင် တွေ့အောင်တစ်နေရာရာမှာ မသိမသလို တင်ထားလိုက်ပါ့မယ်။ ဒါမှ သူ့ဟာသူ တွေ့ပြီဆိုမှ သူ ဝမ်းသာပြီး ရီထမင်းချက်ရာ ပြေးလာပြီး ဝမ်းသာအယ်လဲ ပြောမယ်။ မောင်နဲ့ နေလာတာကြာမှ မောင့်အကြောင်း ရီသိတာပေါ့။ မောင်ဟာ အပြီး ကလေးပါပဲ။

'ဒါထက် ဘယ်နေရာမှာ တင်ထားရမလဲ။ မနက်က သူရှာသွားတာကတော့ မှန်တင်ခုံရယ်၊ စာအုပ်စင်ရယ်။ ဒါဖြင့် ဟောဒီ ခုတင်တိုင်နား အသာကပ်ထားမလား။ ဒါလည်း အဆက်ဝေးနေတော့ ရီထားတာလို့ သူမထင်ပေဘူးလား။ သည်လိုဆို မှန်တင်ခုံကြီးနေရာရွေ့နေတာကိုရော သူဘယ်လို ထင်မလဲ။ ရီတစ်နေ့လုံး ရှာထားတာ သူရိပ်မိချင် ရိပ်မိမှာပဲ။ မှန်တင်ခုံလည်း နေရာမပျက်ဆိုရင် မှန်တင်ခုံရဲ့

mgyoe.com

mgyoe.com


အောက်နားက ခြေထောက်အတွင်းဘက် ကပ်ထားရင် သေသေချာချာ ရှာတွေ့မှာပဲ။ ဟုတ်ပြီ ဟုတ်ပြီ။ "ဒေါ်စိန်မေ ဒေါ်စိန်မေ၊ မအေးရော ခေါ်ခဲ့ပါဦး"

မကြာမီ သုံးယောက်သား မှန်တင်ခုံကို တကဲကဲနှင့် မူလနေရာသို့ ပြန်ရွှေ့ကြပြန်သည်။ မအေးကတော့ မငွေရီအား အလစ်တွင် မျက်စောင်းထိုးလေသည်။ မှန်တင်ခုံကို နေရာတကျ ရွှေ့ပြီး၍ ပြန်ထွက်လာကြသောအခါ မအေးပါးစပ်က ပွစိပွစိဖြစ်နေ၏။ ဘာမှတော့ အသံမထွက်။ မငွေရီလည်း ခုမှပဲ ရေချိုးဖို့ လုပ်ရတော့သည်။

ညနေဘက်တွင် မငွေရီ မီးဖိုထဲဝင်၍ ကိုမင်းဝေ အကြိုက် ဟင်း တစ်ခွက်နှစ်ခွက်ကို စီစဉ်ချက်ပြုတ်နေလိုက်သည်။ ချက်ပြုတ်ရာမှ မကြာခဏ အိမ်ရှေ့ဘက်သို့ ခေါင်းတထောင်ထောင်မျှော်မိ၏။

လေးနာရီခွဲခန့်တွင် ကိုမင်းဝေ ပြန်လာကာ ထုံးစံအတိုင်း လေချွန်၍ မီးဖိုအထဲဝင်ခဲ့၏။ မငွေရီက ဟန်မပျက်ပင် ဟင်းအိုးမွှေနေ၏။ အနီးသို့ ကိုမင်းဝေ ရောက်လာလျှင် 'မောင့်လက်ကြယ်သီးကလေး ရှာချေဦးလေ'ဟု မပြောမိရန် အတော်သတိထားနေရလေသည်။

'ရီ မောင့်ဖို့ဘာတွေ ချက်နေလဲ'

'မောင့်အကြိုက်လေ...ဘာလဲ သိရဲ့လား'

'ငါးပိ'

'မောင်ကတော့ အဲသလိုပါဆို'

'ဩော်...အချဉ်ဟင်း...ဟုတ်လား'

မငွေရီ ဘာမှပြန်မပြောဘဲ ဟင်းတစ်ဇွန်းခပ်၍ ကိုမင်းဝေ ပါးစပ်နားသို့ ထိုးပေးလိုက်၏။ ကိုမင်းဝေက ပါးစပ်ဟ၍ ခံရင်း မျက်စိကို မှေးထား၏။

'အင်း..ကောင်းပေ့ဗျာ...ဆုချရဦးမယ်"

mgyoe.com

mgyoe.com

'တော်ပါပြီ ဆရာကြီး ဘာဆုမှ မလိုချင်ပါဘူး။ ကဲပါ အဝတ်လဲချေပါ။ ပြီးမှလာခဲ့ပါ"

ကိုမင်းဝေလည်း မီးဖိုထဲမှ ထွက်ကာ အလုပ်စားပွဲဆီသို့ သွား၍ လက်ထဲမှ စာအုပ်နှင့် စာရွက်ကပ်ကို ပစ်တင်လိုက်သည်။ ထို့နောက် အဝတ်လဲရန် အခန်းထဲသို့ လာခဲ့သည်။ မငွေရီကား ရင်တထိတ်ထိတ်နှင့်။

'ဒါထက် ရီရေ'

'မောင်..'

ကိုမင်းဝေ အခန်းထဲ ရောက်၍ အပေါ် အင်္ကျီကို ချွတ်ချိတ်ခဲ့ပြီး ပြန်ထွက် ပြေးလာခဲ့သည်။ မငွေရီရှေ့ရောက်မှ သူ့လက်နှစ်ဖက်ကို မြှောက်၍ ဝမ်းမြောက်ဟန်နှင့် ပြလိုက်သည်။ 'မြန်လှချည်းလား'ဟု မငွေရီစိတ်ထဲမှ တွေးရင်းလှမ်းကြည့်လိုက်သည်။ နှစ်ဖက်စလုံး လက်ကြယ်သီးတပ်လျက်။

'တွေ့ပြီပေါ့လေ...ဘယ်ကတွေ့လဲအခု'

ကိုမင်းဝေက ပြုံးစေ့စေ့ကြီးလုပ်နေသည်။ မငွေရီကတော့ သူထားတာ လွယ်လွန်းသဖြင့် ကိုမင်းဝေ ဝင်ဝင်ချင်းတွေ့ပြီး ကောက်တပ်လာတာပဲဟု အတပ်တွေးကာ ရင်တထိတ်ထိတ်နှင့် ပြုံးကြည့်နေသည်။ 'ဘယ်ကတွေ့လဲ' ဟုလည်း အထပ်ထပ်မေး၏။ သိပြီးဖြစ်သော်လည်း ကိုမင်းဝေ ဘယ်လိုပြောမလဲ သိချင်သေးသည်။

'ဘယ်ကတွေ့ရမလဲ၊ ရီက မရှာရဘူးဆိုလို့ အသစ်ဝယ်ခဲ့ရတာပေါ့'

သေပဟဲ့ မငွေရီ။

'အို...' မငွေရီ၌သို့သာ အသံထွက်သွားသည်။ အတန်ကြာမှ မနည်းဟန်ဆောင်ကာ 'ဒါဖြင့်ဟိုတစ်ဖက်ရော"

mgyoe.com

mgyoe.com


'အို–တစ်ဖက်တည်း၊ ဘာလုပ်တော့မလဲ၊ ပစ်ခဲ့ပြီပေါ့'
သေဦးဟဲ့ မငွေရီ။
မီးဖိုပေါ်မှ ဟင်းအိုးသည် တရှဲရှဲဝေ၍ ကျလေတော့သတည်း။

တိုင်းရင်းမေဂျာနယ်၊ ၁၅–၉–၁၉၅၂

❑

mgyoe.com

mgyoe.com


# အထွက်မြန်သော ဒီဇယ်

'ဟာ...ဟော့လူ၊ ဘယ်သွားမလို့တုံး'

'မန္တလေး သွားမလို့'

'ဘာနဲ့လဲ'

'ဒီဇယ်နဲ့'

'နေ့ချင်းပေါက်ပေါ့'

'ဟုတ်တယ်'

'လက်မှတ်ရပြီပေါ့၊ လွယ်လွယ်နဲ့ ရရဲ့လား'

'အောင်မယ်လေး...မပြောပါနဲ့တော့'

ဒီဇယ်အင်ဂျင်နှင့် ဆွဲသဖြင့် ဒီဇယ်ရထား၊ သို့မဟုတ် 'ဒီဇယ်' ဟုခေါ်ကြသော 'ရွှေမန်းလွင်'နှင့် 'ဒဂုန်လွင်'အမြန်ရထားတို့သည် ရန်ကုန်–မန္တလေးခရီးကို နေ့ချင်းပေါက်လေသည်။ ရန်ကုန် ဘူတာကြီးမှ နံနက် ၅ နာရီ ၁၀ မိနစ်ထွက်သော ရွှေမန်းလွင်သည် မန္တလေးသို့ ညနေ ၆ နာရီခွဲခန့်တွင် ရောက်သည်။ မန္တလေးမှ နံနက် ၅ နာရီ

mgyoe.com

mgyoe.com


တိတိတွင် ထွက်သော ဒဂုန်လွင်သည် ရန်ကုန်ဘူတာကြီးသို့ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ဆိုက်လေသည်။ ဘူတာစဉ် မရပ်ဘဲ ရန်ကုန်–မန္တလေးအကြား ၇ ဘူတာခန့်သာ ရပ်သည်။ ရပ်ပြန်တော့လည်း ၃ မိနစ်၊ ၄ မိနစ်သာ နား၍ ဆက်လက် ခုတ်မောင်းသည်။

ယခင်က ၂ ရက်ခရီးကို တစ်ရက်နှင့် ရောက်သဖြင့် အချိန်ကုန် သက်သာရုံမက ခေတ်မီတွဲသစ်ကြီးများ၊ ထိုင်ခုံနေရာ သီးသန့်များနှင့် ဖြစ်၍ စီးသူများလှသည်ဖြစ်ရာ လက်မှတ်ကို ရထားမထွက်မီ တစ်ရက်က ကြိုတင်၍ ဝယ်ယူကြရသည်။ ဝယ်ယူရာတွင်လည်း ကြူတန်းစနစ်ဖြင့် အချိန်တော်တော်စောစောကပင် သွား၍ စောင့်ကာ ဝယ်ယူရသည်။ စိတ်မရှည်သူများ လက်မှတ်ရဖို့ ခက်၏။ လက်မှတ်ရပြီးတော့လည်း စိတ်ချလက်ချ ဖိမ်နှင့် နေရုံပဲရှိသည်။ စာပို့ရထားတွင်ကဲ့သို့ နေရာလုရသည်လည်း မရှိ။ အိမ်က အလာတွင် ပို့ဆောင်ရေးလွယ်ကူလျှင် ရထားထွက်ခါနီးမှ ကပ်လာလို့လည်း ရသည်။ ထွက်ချိန်မှာ အတန်ငယ် စောသဖြင့် အိမ်မှ နံနက်ထလာရန် မလွယ်ကူသူများအဖို့ ဘူတာဆင်းအိပ်ခြင်းက စိတ်ချရလေသည်။ နံနက်တစ်နာရီခန့်တွင် တွဲများ ထိုးသည်။ သို့သော် ၄ နာရီထိုးမှ ဖွင့်ပေးသည်။ ၄ နာရီခန့်တွင် မီးများပန်ကာများ ဖွင့်ပေးသည်။ ဤကား ဒီဇယ်ခေါ် အမြန်ရထားအကြောင်း သာမန် ဗဟုသုတတည်း။

ဒီဇယ်ရထားသည် ဘူတာမှ အထွက်တွင် မီးရထားကဲ့သို့ တဖြည်းဖြည်း အရှိန်ယူ၍ထွက်သည် မဟုတ်ရကား အတော်လျင်မြန်စွာ ထွက်လေသည်။ ရန်ကုန်ဘူတာကြီးတွင် ဘာမျှမကြားခဲ့ရသော်လည်း မန္တလေးဘူတာကြီးတွင်ကား ဒီဇယ်ရထားထွက်ခါနီးတွင် ဘူတာရုံအတွင်းမှ အသံချဲ့စက်မှ 'ဒဂုန်လွင် အမြန်ရထားကို စီးနင်း

mgyoe.com

mgyoe.com


လိုက်ပါမည့် ခရီးသည်များအား လိုက်ပို့ကြသူများခင်ဗျာ။ ဤရထား မှာ ဘူတာမှ အထွက် အလွန်မြန်သဖြင့် ရထားထွက်မှ တွဲပေါ်က ဆင်းခြင်း၊ တွဲနားကပ်နေခြင်း မပြုကြပါနှင့်။ စောစောက ဆင်းထား ကြပါ။ ဤရထားသည် ငါးနာရီတိတိတွင် ထွက်ပါလိမ့်မည်' ဟု သတိပေး ကြေညာသံကို ကြားခဲ့ရလေသည်။ ရန်ကုန်တွင်လည်း ဤသို့ ကြေညာသင့်ပါသည်။ အနည်းဆုံး 'ဒီဇယ် အထွက်မြန်သည်။ တွဲနား ကပ်ရပ်မနေကြနဲ့ဟေ့' ဟူ၍လောက်တော့ ပြောပေးဖို့ ကောင်း သည်ထင်၏။

နံနက်စောစောကပင် ကျွန်တော့်အိမ်က လူတစ်ယောက်ကို ဘူတာသို့ လွှတ်ကာ ကိုဖေကြည်အတွက် အမြန်ရထားလက်မှတ် ယူစေ ပြီး ကျွန်တော်နှင့် ကိုဖေကြည်တို့သည် တစ်နေ့လုံး လျှောက်လည်ကြ သည်။ နံနက်တွင် ရထားအမီလိုက်ပို့ရန် ပို့ဆောင်ရေး မလွယ်ကူ သဖြင့် ညကပင် ဘူတာဆင်းအိပ်မည်ဟု ကိုဖေကြည်က စီစဉ်သည်။ ည ၉ နာရီခွဲခန့်တွင် ကျွန်တော်တို့ နှစ်ယောက် ရန်ကုန်ဘူတာကြီးသို့ ရောက်လာကြလေသည်။

ဘူတာကြီးအတွင်း ပလက်ဖောင်း ၁၊ ၂၊ ၃ တို့တွင် အထုပ် အပိုး ဝန်စည်စလယ်များနှင့် ခရီးသည်များ အပြည့်ရှိ၏။ အိပ်ရာ များ ဖြန့်ခင်းကာ အိပ်သူများ အိပ်လျက်၊ ငုတ်တုတ်ထိုင်သူများ ထိုင်လျက်၊ အချို့က တမတ်တတ်တတ် စကားပြောလျက် ရှိကြ၏။ အချို့က အပျင်းပြေ စာဖတ်လျက်၊ အချို့က ဖဲကစားလျက်၊ အချို့ က သီချင်းဆိုလျက် ရှိကြ၏။ အချို့ကား တခေါခေါနှင့် ဟောက်၍ ပင် အိပ်ပျော်လျက် ရှိကြလေပြီ။ ကလေးများလည်း ပြေးလွှား ကစားလျက် ရှိကြသည်။ ရောက်ဆဲလာဆဲ ခရီသည်များလည်း ဤ သို့လျှင် ရောက်နှင့်ကြပြီး ခရီးသည်များ အကြားမှ ကွေ့ကာ ရှောင်

mgyoe.com

mgyoe.com


ကာ နေရာလပ်များသို့ ပစ္စည်းများ သယ်ပို့စုပုံလျက် ရှိကြသည်။ ဘူတာရုံကြီးတစ်ခုလုံးသည်လည်း 'အောင်းအောင်း–အောင်းအောင်း' နေတော့၏။

'မြေငလျင်ဘေး၊ ဒုက္ခသည်၊ စစ်ဘေးဒုက္ခသည်တွေနဲ့ မတူဘူးလား'

ဟု ကိုဖေကြည်က မေးသည်။ ဟုတ်တော့လည်း ဟုတ်ပါ၏။ လူတွေ များလွန်းလှတော့သည်။

ကျွန်တော်က နံနက်တွင် အလုပ်ရှိ၍ ကိုဖေကြည်အတွက် ဘူတာတွင် ခရီးဖော် မိတ်ဆွေတွေ့လျှင် အိမ်ပြန်အိပ်ရန် စိတ်ကူးခဲ့သော်လည်း ဤမျှ များပြားလှသော ခရီးသည်တို့အထဲတွင် ကျွန်တော်တို့ အသိတစ်ယောက်မျှ မတွေ့ရချေ။ ကိုဖေကြည်တွင် ဝန်စည်စလယ် မများလှသော်လည်း သူ့ပစ္စည်းကလေးများမှာ လူတစ်ယောက် တစ်ခေါက်နှင့် မနိုင်အောင် တိုးလိုးတွဲလဲတွေ များလှသဖြင့် ရထားအတက် ခက်မည်စိုး၍ ကျွန်တော်ပါ ဘူတာတွင် စောင့်အိပ်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

ကိုဖေကြည်က သူ့အိပ်ရာလိပ်ကို ပလက်ဖောင်း သမံတလင်း တစ်နေရာတွင် ဖြန့်ခင်းကာ–

'ကဲ–ကျုပ်ကတော့ မနက်ကျ ရထားပေါ် ငိုက်လိုက်သွားရုံပဲ။ ခင်ဗျားက အလုပ်ရှိသေးတာ၊ အိပ်ပျော်အောင် အိပ်ပေတော့'

ဟုပြောပြီး ပလက်ဖောင်းပေါ်တွင်ပင် လမ်းလျှောက်နေလေသည်။ ကျွန်တော်လည်း သူ ခင်းပေးသော အိပ်ရာပေါ်တွင်ပင် လှဲချလိုက်ပြီး အိပ်ရန် ကြိုးစားသည်။ အိပ်ပျော်ဖို့ကား ခဲယဉ်းလှလေသည်။

'တစ်ခါတစ်ရံမှာကွယ်…ချစ်သူကိုလည်း မုန်းမာန်ဖွဲ့ရတယ်၊ တစ်ခါတစ်ရံမှာကွယ်…မုန်းသူကိုလည်း ချစ်ဟန်ဖွဲ့ရတယ်'

mgyoe.com

mgyoe.com


ကျွန်တော်၏ လက်ဝဲဘက် အထက်နားစရှိ ရဲဘော်ကလေး တစ်ယောက်သည် သေတ္တာများ စီခင်းထားသော သူ့အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ သီချင်းဆိုလိုက်၊ ပါးစပ်ဆိုင်းတီးလိုက်နှင့် တစ်ယောက်တည်း မြိုင်လျက် ရှိ၏။ သူနှင့် မလှမ်းမကမ်း ကျွန်တော်၏ ခြေရင်းခပ်ကျကျဆီတွင် ရဲဘော်ကတော်နှင့်တူသော ကလေးမ တစ်ယောက်သည် တစာစာ ငိုလျက်ရှိသော နို့စို့သားကို နို့တိုက်ရင်း ဆူဆူညံညံ ချော့လျက် ရှိသည်။ ကျွန်တော့် ခြေရင်းတည့်တည့်ဆီမှ အိန္ဒိယတိုင်းရင်းသား လူငယ် ၄၊ ၅ ဦးတို့သည်လည်း ရေပက်မဝင် အချီအချ ဆွေးနွေးလျက်ရှိကြသည်။ သူတို့ဘာသာစကားကိုလည်း ကျွန်တော်က နားမလည်၊ သူတို့သည် ဗမာ့နိုင်ငံရေး အကွဲအပြဲတွေကိုများ ဆွေးနွေးနေကြလေသလားဟုပင် သံသယဖြစ်မိ၏။ ယောကျ်ား တစ်ကျိပ်၊ မိန်းမ ၅၊ ကုလားနှစ်ယောက်တို့သည် အဆူအညံချင်း တူသည်ဟု အဆိုရှိသည်။ ဟုတ်လောက်စရာ ရှိ၏။

ကျွန်တော်၏ ခေါင်းရင်းတည့်တည့်တွင် တရုတ်ကြီး ၃ ယောက် ရှိသည်။ သူတို့သည် လေအေးကလေးနှင့် စကားပြောလျက် ရှိကြ၍ နားမငြီးလှသော်လည်း သူတို့တွင် ပါလာသော ဒူးရင်းသီးများမှ အနံ့သည် မီးရထား ဘူတာနံ့နှင့် ရောနှော၍ ကြိုင်လျက်ရှိသဖြင့် ဆူညံသံနှင့် နင်လား၊ ငါလား အနှောင့်အယှက်ပေးလျက် ရှိလေသည်။

လက်ယာဘက် ဘေးချင်းယှဉ်လျက်ကား အသက် ၅၀ ခန့် အဒေါ်ကြီးတစ်ယောက်၊ ၄ နှစ်အရွယ်ကလေးနှင့် အသက် ၂၀ ခန့် ကိုယ်လုံးကိုယ်ဟန်လှလှပပ အမျိုးသမီးတစ်ယောက်တို့သည် အထုပ်အပိုးများ၏ အလယ်တွင် အိပ်ရာများအကျခင်းကာ အိပ်လျက်ရှိကြသည်။ သူတို့၏ ဘေးဘက်တွင် ကျောင်းသားအရွယ် လူငယ်ကလေး သုံးယောက်တို့သည် သွားလိုက် လာလိုက်၊ ထိုင်လိုက် ထလိုက်၊

mgyoe.com

mgyoe.com


စကားပြောလိုက်နှင့် အိပ်နေသော အမျိုးသမီးများကို စောင့်ရှောက်နေကြဟန်တူ၏။

"မမနု အိပ်သာ အိပ်၊ ကျွန်တော်တို့ စောင့်နေမယ်'

ဟုလည်း ပြောသံကြားရ၏။

ချာတိတ်ကလေး ၃ ယောက်တို့သည် အိပ်နေသော အမျိုးသမီးအနီးတွင် ထိုင်ကာ နံနက်စောစောက ဒီဇယ်ရထားလက်မှတ် စောင့်ဝယ်ရရာတွင် တွေ့ကြုံရသော ဒုက္ခသုက္ခများကို ပြောလျက် ရှိကြ၏။

'မင်းတို့ ကျေးဇူးပါပဲကွာ၊ မင်းတို့မရှိရင် မမနုတစ်ယောက်တည်းဆို အခက်ကွ'

ဟုအိပ်နေသော သူတို့ မမနုက လှမ်းပြောပြီး စောစောက သူ့မျက်နှာပေါ်အုပ်ထားသော မျက်နှာသုတ်ပဝါကို ဖယ်ရင်း ထလိုက်သည်။ အမျိုးသမီးသည် အိပ်ရာမှ ထထိုင်ပြီး ဆံပင်ကို ပြင်ထုံးကာ အနီးအနား ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ ကျွန်တော့်အားလည်း မြင်ဟန်တူ၏။ သူ၏ မျက်လုံးများသည် ရွဲကဲ့သို့ တောက်ပကြသည်။ မျက်နှာ အတန်ဝိုင်း၍ ပြည့်ဖြိုးသည်။ သွားအနည်းငယ်ခေါသလိုလို ရှိသော်လည်း ကြည့်ကောင်းရုံ ရှိ၏။ ကျွန်တော်လည်း သူ့ကို မသိမသာကြည့်ပြီး အငြိမ့်မင်းသမီးလား။ ကျောင်းဆရာမလားဟု အပျင်းပြေ စဉ်းစားကြည့်မိသည်။ မသိသာချေ။

အနီးတွင် မိန်းမကြီးနှင့် ကလေးငယ်တို့သည် အိပ်ပျော်လျက်ရှိကြသည်။ ကလေးငယ်မှာ မိန်းမကြီး၏ သားပေလော၊ မမနု၏သားပေလော ကျွန်တော် စိတ်ကူးကြည့်သည်။ မသိသာချေ။

'ဟော့...အပါ၊ မင်းတို့ ဝယ်လာတဲ့ ချောကလက်တွေ စားကြဦးကွာ၊ နည်းတာ မဟုတ်ဘူး'

အမျိုးသမီးသည် ခြင်းတစ်ခုထဲသို့ နှိုက်ရင်းပြောကာ စက္ကူ

mgyoe.com

mgyoe.com


အိတ်တစ်အိတ်ကို ချာတိတ်ကလေးများဘက်သို့ လှမ်းပေးနေလေ၏။

'ဟာ–ဒါ မမနု လမ်းမှာစားဖို့ ဝယ်ပေးလိုက်တာပဲ၊ ကျွန်တော်တို့ စားဖို့ မဟုတ်ပါဘူး'

'ဟာကွာ...စားကြပါကွ၊ မမနုတစ်ယောက်တည်း မကုန်နိုင်ပါဘူး။ မေမေကလည်း စားတာ မဟုတ်ဘူး။ ရော့–စားကြကွာ၊ ဟော့...မောင်ဇင်၊ လုပ်ပါကွ မောင်ကိုကြီး'

'ဟာဗျာ...မမနုကလည်း ကျွန်တော်တို့ စားချင်လို့ ဝယ်လာတာ မဟုတ်ပါဘူး ဆိုနေမှပဲ ပြန်ထည့်ထားလိုက်စမ်းပါဗျာ။ ကျွန်တော်တို့ ပေးတာမို့ မစားချင်လည်း လမ်းကျမှ လွှင့်ပစ်ပစ်'

'အောင်မယ်လေးတော်... ဘာဖြစ်လို့ လွှင့်ပစ်ရမှာလဲ၊ ဟော့–ဒါနဲ့ မင်းတို့လည်း မမနုအတွက် လုပ်ကိုင်ပေးနေရတာနဲ့ ညနေစာ ထမင်းမှ စားခဲ့ကြရဲ့လားဟင်'

'နေပါစေ မမနု၊ ကျွန်တော်တို့ မဆာဘူး၊ ရင်ပြည့်နေလို့'

'ကြည့်စမ်း၊ ပြောရောပေါ့ကွာ... မင်းတို့နှယ်၊ မမနု စိတ်မကောင်းအောင် လုပ်ကြတယ်။ မမနုမှာ ငါးပိကြော် ပါလာတယ်။ ပေါင်မုန့်နဲ့ စားကြကွာ။ အပါလေး။ ပေါင်မုန့်ပြေးဝယ်ချေဦး ငါ့မောင်'

အမျိုးသမီးသည် ပိုက်ဆံထုတ်ရန် ကိုယ်ကို ဆန့်၍ ခါးကြားကို နှိုက်လေ၏။ ချာတိတ်ကလေးများက မစားလိုကြောင်းနှင့် အတင်းငြင်းဆန်ကာ ပိုက်ဆံမထုတ်ရန် တားကြသည်။ တစ်ယောက်ကမူ မျက်နှာသေကလေးလုပ်ကာ ညောင်နာနာ လေသံဖြင့်–

'မစားနိုင်တော့ပါဘူး မမနုရာ'ဟု ဆိုလေသည်။

ကျွန်တော်လည်း သူတို့ ပြောဆိုနေကြသည်များကို မသိမသာ စိတ်ဝင်စားလျက်ရှိသဖြင့် 'အာဂကောင်ကလေးတွေ'ဟု မှတ်ချက်ချမိ၏။ အတန်ကြာလျှင် ကောင်ကလေးနှစ်ယောက် ထသွားကြပြန်

mgyoe.com